EVER FLOW RIVER GROUP PUBLIC CO., LTD.
7A, 7th Floor, EFR Building, No. 941, Corner of Shukhintha Mayopat Road and Myoma 11th Street, North 4th Ward, Thakayta Township, Yangon Region.
+951 5440 76, +951 5440 77, +959 8899 488 90
www.efrgroupmyanmar.com    www.facebook.com/efrgroup

Ever Flow River Group Public Company Limited
No..................
Date...............

# Ever Flow River Group Public Company Limited ၏
# သဘာဝဘေးအန္တရာယ်တုန့်ပြန်ရေး လုပ်ဆောင်ချက်များ

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးသို့ ဗဟိုပြု၍ လှုပ်ခတ်ခဲ့သည့် ၇.၇ မဂ္ဂနီကျူဒ် ပြင်းအားရှိ မန္တလေးလျှောင်ကြောင့် မြန်မာပြည်သူ ပြည်သား လူမျိုးဘာသာပေါင်းစုံ၏ အသက် အိုးအိမ် စည်းစိမ်များ ဆုံးရှုံးခဲ့ရသည့်အပေါ် E.F.R အနေဖြင့် နိုင်ငံသားအားလုံးနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

ငလျင်ဒဏ် တိုက်ရိုက်သင့်ခဲ့သောဒေသများတွင်သာမက နိုင်ငံနှင့်တဝှမ်း ကိုယ်စိတ်နှလုံး ညှိုးငယ် ပင်ပန်းနေရသည့် ယခုကာလတွင် E.F.R အနေဖြင့် ငလျင်ဒဏ်သင့်ဒေသများ၊ ငလျင်ဒဏ်ခံ ပြည်သူများ နှင့် အတူရှိနေပြီး လိုအပ်သောပံ့ပိုးကူညီမှုများ ပေးအပ်နိုင်ရန်အတွက် E.F.R Group ၏ သဘာဝဘေး အန္တရာယ် တုန့်ပြန်ရေးအဖွဲ့ (Disaster Response Team - DRT) ကို ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ပူးတွဲပါစာအတိုင်း တရားဝင်ဖွဲ့စည်းခဲ့ပါသည်။

EVER FLOW RIVER GROUP PUBLIC CO., LTD.
7A, 7th Floor, EFR Building, No. 941, Corner of Shukhintha Mayopat Road and Myoma 11th Street, North 4th Ward, Thakayta Township, Yangon Region.
+951 5440 76, +951 5440 77, +959 8899 488 90
www.efrgroupmyanmar.com    www.facebook.com/efrgroup

ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ ဧပြီလ ( ၁ )ရက်

**သဘာဝဘေးအန္တရာယ်တုန့်ပြန်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ ယခုလက်တလော အခြေအနေအရ ဘေးအန္တရာယ် အမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်ကို အားလုံးအသိပင်ဖြစ်သည်။

သို့ပါသောကြောင့် လျှပ်တပျက်ဖြစ်ပေါ်လာသော အခြေအနေအပေါ်မူတည်၍ EFR Group ၏ သဘာဝဘေးအန္တရာယ်တုန့်ပြန်ရေးအဖွဲ့ **Disaster Response Team** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| စဉ် | အမည် | ရာထူး | တာဝန် |
|---|---|---|---|
| ၁ | ဦးသန်းအောင် | Director | အဖွဲ့ခေါင်းဆောင် |
| ၂ | ဒေါ်အိအိအောင် | GM | ဘဏ္ဍာရေးဝန်ဆောင်မှု |
| ၃ | ဦးမြင့်ဦး | GM | ပြည်တွင်းပြည်ပဆက်သွယ်ရေး |
| ၄ | ဒေါ်ဝေမွန်ဦး | GM | ပစ္စည်းထိန်းသိမ်းရေးဝန်ဆောင်မှု |
| ၅ | ဒေါ်သန်းသန်းမွန် | GM | မော်တော်ယာဉ်ဝန်ဆောင်မှု |
| ၆ | ဒေါ်နိုင်နိုင်ဦး | GM | သတင်းနှင့်ပြန်ကြားရေးဝန်ဆောင်မှု |
| ၇ | ဒေါ်သင်းမြတ်ထက် | GM | ကျန်းမာရေးဝန်ဆောင်မှု |
| ၈ | ဦးမင်းနောင် | GM | စီမံခန့်ခွဲမှုဝန်ဆောင်မှု |
| ၉ | ဦးခန့်ကိုကို | GM | လုံခြုံရေးဝန်ဆောင်မှု |

Ever Flow River Group Public Company Limited

**အဖွဲ့ဝင်များအားလုံး**

မိတ္တူကို-

Chairman
Directors
Admin/HR Department
Corporate Department

EVER FLOW RIVER GROUP PUBLIC CO., LTD.
7A, 7th Floor, EFR Building, No. 941, Corner of Shukhintha Mayopat Road and Myoma 11th Street, North 4th Ward, Thakayta Township, Yangon Region.
+951 5440 76, +951 5440 77, +959 8899 488 90
www.efrgroupmyanmar.com www.facebook.com/efrgroup

## ဘေးအန္တရာယ်ကျရောက်သူများအတွက် မျှဝေမှုနှင့်အတူ သယ်ယူပို့ဆောင်ရေး အကူအညီ

အထက်ပါ သဘာဝဘေးအန္တရာယ် တုန့်ပြန်ရေးအဖွဲ့ (Disaster Response Team - DRT)၏ ပထမဆုံးလှုပ်ရှားမှုအနေဖြင့် ၂၀၂၅ ခုနှစ် **ဧပြီလ ၂ ရက်မှ ၂၆ ရက်**အတွင်း၊ ငလျင်ဘေးသင့်ပြည်သူများ အတွက် E.F.R Group Public Co., Ltd မှ အောက်ပါအကူအညီများကို **" အခမဲ့ သယ်ယူပို့ဆောင်ရေး ယာဉ်များ "** ဖြင့် လုပ်အားဒါနပေးအပ်ခဲ့ပါသည်။ ထို့အပြင် E.F.R Group ၏ မိတ်ဖက်အဖွဲ့အစည်းများ ဖြစ်သည့် အခြားသော ကော်ပိုရေးရှင်းကြီးများနှင့်လည်း ပူးပေါင်း၍ ၎င်းတို့လှူဒါန်းလိုသော ပစ္စည်းများ အား သယ်ယူပို့ဆောင်ရေးကဏ္ဍမှ အခမဲ့ ပါဝင်ကူညီပေးခဲ့ပါသည်။

### သယ်ယူပို့ဆောင်ပေးခဲ့သော အလှူပစ္စည်းများ

- ဆန်အိတ်ပေါင်း ၁၀၀၀
- ရေသန့်ကဒ်များ
- အသင့်စားသောက်နိုင်သော **Fast Food** များ
- တစ်ကိုယ်ရည်သုံး အသုံးအဆောင်ပစ္စည်းများ
- ဆေးဝါးများ
- ပေါင်မုန့်များ



### သယ်ယူပို့ဆောင်ပေးခဲ့သည့်နေရာများ

EFR Group ၏ အခမဲ့ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုမှတစ်ဆင့် အောက်ပါနေရာများသို့ လူမှုရေး အရေးပေါ် အစီအစဉ်အရ ပို့ဆောင်ပေးခဲ့ပါသည် -

(၁) မန္တလေးမြို့၊ ခ(၈)၊ အမှတ်(၂၀)၊ ၆၅-အေ၊ ၁၁၂-အေ၊ ချမ်းမြသာစည်မြို့သစ်။

(၂) မန္တလေး၊ ဆွယ်တော်ဘုရား ရပ်နားရှိ ကားပါကင်နေရာ။

(၃) နေပြည်တော်မြို့တော်ခန်းမ။

UAB ဘဏ်မှ လှူဒါန်းသော တစ်ကိုယ်ရည်သုံး လူ့အသုံးအဆောင်ပစ္စည်းများ၊ အစားအသောက် များနှင့် ဆေးဝါးပစ္စည်းများကိုလည်း နေပြည်တော်သို့ အရေးပေါ် ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

**EVER FLOW RIVER GROUP PUBLIC CO., LTD.**
7A, 7th Floor, EFR Building, No. 941, Corner of Shukhintha Mayopat Road and Myoma 11th Street, North 4th Ward, Thakayta Township, Yangon Region.
+951 5440 76, +951 5440 77, +959 8899 488 90
www.efrgroupmyanmar.com www.facebook.com/efrgroup

## အကျိုးသက်ရောက်မှုများ

ကျွန်ုပ်တို့ E.F.R Group ၏ သဘာဝဘေးအန္တရာယ် တုန့်ပြန်ရေးအဖွဲ့ (Disaster Response Team - DRT)၏ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများဖြင့် ကြိုးစားမှု ရလဒ်အနေဖြင့် ပြည်သူ ၁,၀၀၀ ကျော်အား ကူညီထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ အရေးပေါ်လိုအပ်ချက်ရှိသော ဒေသများသို့ တန်ချိန် ၂၀ ကျော်ရှိ လိုအပ်ပစ္စည်းများကို အချိန်မီစွာနှင့် အခမဲ့ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။ ဒေသအလိုက် စုစုပေါင်း ကယ်ဆယ်ရေး မစ်ရှင်(၅)ခုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး လူမှုအကျိုးပြု အထောက်အပံ့များအဖြစ် စံနမူနာပြုနိုင်ခဲ့ပါသည်။

## နိဂုံး

ဤလုပ်ဆောင်ချက်များသည် E.F.R Group မှ ဦးစီး၍ လူမှုအသိုင်းအဝိုင်းအတွက် တာဝန်ယူမှုဖြင့် ပြုလုပ်သည့် CSR (Corporate Social Responsibility) လှုပ်ရှားမှုတစ်ခုအဖြစ် တက်ကြွစွာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ဤ လျှောင်သည် မြန်မာတစ်နိုင်ငံလုံးအတွက် ဆိုးရွားသည့် အတွေ့အကြုံတစ်ခု ဖြစ်သော်လည်း နိုင်ငံသားအားလုံး လက်တွဲပူးပေါင်းကာ ကြုံတွေ့နေရသော အခက်အခဲများကို အကောင်းမွန်ဆုံး ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါသည်။ ဆုံးရှုံးမှုများအတွက် စိတ်မကောင်းကြီးစွာ ခံစားရသလို၊ အခြားတဖက်တွင်လည်း ကျရာ နေရာမှ ကယ်ဆယ်ရေးလုပ်ငန်းများတွင် အားသွန် ခွန်စိုက် ကြိုးပမ်းနေကြသည့် စေတနာဝန်ထမ်းများ၊ အခြားကျွမ်းကျင်ဝန်ထမ်းများနှင့် နိုင်ငံတကာ လူမှုကူညီရေးအသင်းအဖွဲ့များ အားလုံးအား ငလျင်ဘေးသင့် ပြည်သူများကိုယ်စား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ဂုဏ်ပြုအပ်ပါသည်။

Vice Chairman
Ever Flow River Group Public Company Limited.